2009

# အရှင်ဇဝန

## (မေတ္တာရှင်–ရွှေပြည်သာ)



Ashinzawana
www.mettashin.org
2-8-2009

သာသနာတော်နှစ် ၂၅၅၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်၊
တော်သလင်းလပြည့်ကျော် ၃ ရက်၊ တနင်္သာရီတိုင်း၊မြိတ်မြို့နယ်၊ကျောက်ဖြူတောင်ကျေးရွာ
သစ်ညီနောင်ဓမ္မရိပ်သာအတွင်းမှာ ကျင်းပပြုလုပ်အပ်တဲ့ ဝါတွင်းတရားစခန်း
ည ၈ နာရီတရားစခန်းမှာဟောကြားအပ်သော

**"သစ္စာလေးပါးတရား (အပိုင်း ၁)"**

ဘာတရားတော်။

(သစ္စာလေးပါးတရားတော်ပါဘုရား)

အင်မတန်မှ အရေးကြီးပါတယ်၊ စခန်းဝင်တဲ့ ယောဂီများလည်း ဒီသစ္စာလေးပါးတရားကို နာဖို့အတွက် အခြေခံရအောင် တစ်နေ့လုံး ဒီမှာလေးကြိမ်တိတိ ဝိပဿနာအခြေခံဖွင့်ပေးထားတာဟာ အကြောင်းရှိတယ်၊ ညပိုင်းဟောတဲ့သစ္စာလေးပါးတရားကို ယောဂီတို့ နာနိုင်တဲ့နားရှိအောင် အဲဒီအခြေခံတွေကို ပြည့်စုံအောင် ဟောပေးနေတာပေါ့။

သစ္စာလေးပါးဆိုတာ အခြေခံ ပညတ်ပရမတ် ရုပ်နာမ်လောက်မှ မသိရင် နားမလည်ဘူး၊ အဲဒါတွေ သိသွားမှ ဒီတရားကို နားလည်တယ်၊ ဒါ့ကြောင့် စကားလုံးက ကြီးပြီးတော့ နားက သေးနေရင် မဆံ့ဘူးဖြစ်တတ်တယ်။

သစ္စာလေးပါးတရားဆိုတာ စကားလုံးတွေဟာ အကြီးဆုံးတရားပေါ့၊ အဲဒါ ကိုယ်က ရုပ်နာမ်ပညတ်ပရမတ်မှ မသိရင် နားကသေးနေရင် ဘယ်လိုမှ မဆံ့ဘူး၊ နားမလည်ဘူး၊ သစ္စာကို နာနေကျနားများက ကျယ်တယ်၊ စကားလုံးက သေးရင်လည်း မနှံ့ပြန်ဘူး၊ ရိုးရိုးလေးပြရုံနဲ့ သစ္စာလေးပါးတရား နာနေကျနားများက မနှံ့ဘူး၊ အားမရဘူး။

အခု ပရိသတ်ကို သစ္စာလေးပါးတရားဟောပေးဖို့ အချိန်ရောက်ပြီ၊ ဟောချိန်ရောက်လို့ ဟောတာ၊ တရားဆိုတာ သူ့အချိန်နဲ့သူ ကြည့်ဟောရတယ်၊

အဲဒီတော့ သစ္စာလေးပါးကို မသိရင်မှတ်လိုက်၊ "အန္ဓပုထုဇဉ်" လို့ခေါ်တယ်၊ ဘာလို့ခေါ်တယ်။ (အန္ဓပုထုဇဉ်လို့ ခေါ်ပါတယ်ဘုရား)။

မြန်မာလိုဆိုရင် "အကန်းပုထုဇဉ်"တဲ့၊ ကန်းနေတဲ့ ကိလေသာတုံးကြီးလို့ ပြောတာ၊ ပုထုဇဉ်ဆိုတာ မြေထုမက များစွာသော ကိလေသာတွေ ဖြစ်တတ်တဲ့ပုဂ္ဂိုလ်ကို ပုထုဇဉ်၊ ကိလေသာတွေက ပေါ်တဲ့ကြားထဲ ကန်းလိုက်သေးတယ်တဲ့၊ မံသလို့ခေါ်တဲ့ အသားမျက်စိကန်းတာ မဟုတ်ဘူး၊ ဝိပဿနာဉာဏ်မျက်စိကန်းတာ၊ သိပ်အရေးကြီးတယ် ပရိသတ်များ၊ အဲဒီဝိပဿနာဉာဏ်မျက်စိကန်းလို့ အန္ဓပုထုဇဉ်ဖြစ်ပြီဆိုရင်လေ ဥပမာလေးနဲ့ ပြောရရင် မျက်စိကန်းတဲ့ပုဂ္ဂိုလ် ရမ်းပြီးတော့လမ်းသွားရင် ကောင်းတဲ့လမ်း၊ ဆိုးတဲ့လမ်း နှစ်လမ်းလုံး မရောက်ဘူးလား။

(ရောက်ပါတယ်ဘုရား။)

ရောက်တယ်၊ ဒါပေမယ့် ဆိုးလမ်းတဲ့လမ်း မကောင်းတဲ့လမ်းကို အရောက်များလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သဘာဝကိုက ဆိုးတဲ့လမ်းနဲ့ ကောင်းတဲ့လမ်း ဘယ်လမ်းကများလဲ။

(ဆိုးတဲ့လမ်းက များပါတယ်ဘုရား။)

အဲဒါသဘာဝပဲ၊ ဟိုလူ့စိတ်ဟာ မကောင်းတဲ့ အကုသိုလ်မှာ ပျော်ခဲ့တယ်၊ တစ်နေ့က ရှင်းပြခဲ့တယ်၊ ဥပုသ်နေ့က အပါယ်ကျတဲ့ဘဝတွေကများ၊ မကောင်းတဲ့အလုပ်တွေ့ လုပ်ခဲ့တဲ့ဘဝတွေကများတော့ ဒီစိတ်က မကောင်းတာပဲ ပျော်တယ်၊ မကောင်းတာပဲလုပ်ချင်တယ်။

အဲဒီတော့ အကန်းပုဂ္ဂိုလ်ဟာ ရမ်းသွားရင် ကောင်းတဲ့လမ်း ဆိုးတဲ့လမ်း နှစ်လမ်းလုံးရောက်နိုင်တယ်၊သို့သော် ကောင်းတဲ့လမ်း ရောက်ရင်ခဏပဲ၊ ဆိုးတဲ့လမ်းကျတော့ ပိုရောက်တယ်၊ ပိုကြာတယ်၊ ပုံစံလေးပြမယ်။ ဘုရားလက်ထက်က ကောသလမင်း၊ ဘယ်သူတဲ့လဲ။

(ကောသလမင်းပါဘုရား)။

အဲဒါ အန္ဓပုထုဇဉ်ကြီး၊ ဟာ . . . ဆရာတော်ရယ် ပြောရက်လိုက်တာ၊ ဘယ့်နှယ့်၊ ကောသလမင်းကြီးကော မလ္လိကာဒေဝီခေါ်တဲ့ မိဖုရားကြီးကော မြတ်စွာဘုရားရဲ့အနီးကပ် ပစ္စည်းလေးပါး အလှူရှင်တွေ မဟုတ်လားဘုရား၊ အဲဒါ ဒေဝီခေါ်တဲ့ မိဖုရားကြီးကာ မြတ်စွာဘုရားရဲ့ အနီးကပ် ပစ္စည်းလေးပါး အလှူရှင်တွေမဟုတ်လားဘုရား၊အဲဒါ ဆရာတော်က အန္ဓပုထုဇဉ် ပြောတာဟုတ်ပါ့မလား၊ ဟုတ်တယ်၊ သစ္စာလေးပါး ဘာမှမသိဘူး၊ စိတ်လည်း မဝင်စားဘူး၊ အဲဒီတော့ အန္ဓပုထုဇဉ်ဖြစ်တဲ့ ကောသလမင်းကြီးဟာ အကန်းတစ်ယောက် လမ်းသွားသလို ရမ်းလုပ်တဲ့အတွက်ကြောင့် ကောင်းတဲ့ကုသိုလ်လည်း လုပ်မိတယ်၊ မကောင်းတဲ့ အကုသိုလ်လည်း လုပ်မိတယ်၊ ကောင်းတဲ့ကုသိုလ်လေး တစ်ခုလောက်ပြောမယ်၊ ပုထုဇဉ်အကန်းဆိုတာ ရမ်းလုပ်တာလေ။ ဘာကိုသူလုပ်မိသလဲဆိုရင် မြတ်စွာဘုရားသာသနာမှာ ဘယ်သူမှ မမီနိုင်တဲ့ အသဒိသဒါနတဲ့၊ ပါဠိလို၊ မြန်မာလိုဆိုရင် ဘယ်သူနဲ့မှ မတူတဲ့ ဆွမ်းဒါနပွဲကြီး လုပ်ခဲ့ဖူးတယ်၊ ဘယ်လောက်အထိ သူ့ဆွမ်းကျွေးပွဲဟာ ကြီးကျယ်ခမ်းနားလိုက်သလဲဆိုရင် ဘုရားအမှူးရှိတဲ့ ရဟန်းအပါး ၅၀၀ ကိုလေ ဆင်အကောင် ၅၀၀ ကယပ်တောင်တွေခပ်၊ ထီးတွေမိုးပြီး ကြိုဆိုကြရတယ်၊ အဲဒီခေတ်က ဒီခေတ်လို ရေမွှေးတွေဘာတွေ မရှိဘူး၊ ဆွမ်းစားတဲ့ရဟန်းသံဃာများ နံ့သာဖြူသနပ်ခါးနံ့ကလေးတွေ မွှေးနေအောင် ဂန္ဓာရုံအနံ့လေးတွေ လှူတဲ့အနေနဲ့ပေါ့။

နံ့သာဖြူသနပ်ခါးတွေကို အမျိုးသမီးငါးရာက သွေးရတယ်၊ ကျောက်ပြင်မှာ၊ သွေးပြီးတော့ ဆွမ်းကပ်မယ့် မဏ္ဍာပ်ရဲ့အလယ်မှာ၊ တူးထားတဲ့ ရေကန်ကြီးထဲမှာ နံ့သာဖြူလျှော်ကြီးထဲကိုပေါ့၊ သွေးထားတဲ့ နံ့သာဖြူတွေ လောင်းထည့်ပြီးတော့ အနံ့တွေက ဆွပေးတယ်၊ ဆွမ်းဘုဉ်းပေးကြမယ့် ဘုရားအမှူးရှိတဲ့ သံဃာများဟာ နံ့သာဖြူနံ့လေးတွေ မွှေးပြီးတော့နေတာ၊ ဒါ မလ္လိကာရဲ့ အကြံလည်းပါတယ်၊ ဟို. . . ကျွေးလိုက်မွေးလိုက်တဲ့ အစားအသောက်တွေကလည်း ပြည်သူပြည်သားတွေကလည်း ဘယ်သူမှ မမီတော့ပါဘူး။ အမှန်ကတော့ သာဝတ္ထိပြည်သူပြည်သားနဲ့ ဘုရင်နဲ့ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကျွေးပြိုင်နေကြတာ၊ ဘယ်သူက ပြည့်စုံသလဲဆိုပြီးတော့ တစ်ခါတစ်ရံ ဘုရင်ကနိုင်၊ တစ်ခါတစ်ရံ သာဝတ္ထိပြည်သူပြည်သားတွေကနိုင်၊အဲဒါ ဘုရင်ကနိုင်ချင်တော့ မိဘုရားကြီးဆီ အကြံတောင်းပြီးတော့ လှူလိုက်တာ နိုင်သွားတယ်၊ တိုင်းသူပြည်သားတွေ သူ့မီအောင် မလှူနိုင်တော့ဘူး။

အဲဒီတစ်ရက်တည်း ဆွမ်းကပ်တာ ၁၄ ကုဋေကုန်သွားတယ်၊ ဘယ်လောက်တဲ့လဲ။

(၁၄ ကုဋေပါ ဘုရား)။

အေး လှူလိုက်တာ ကြည့်စမ်း၊ အေး အဲဒါကြည့်ရင်တော့ ယောဂီတို့က လှူလိုက်တာ တော်မှချည်လား၊ ချီးမွမ်းတာ မစောနဲ့ဦး၊ အန္ဓလေ၊ ကောသလမင်းက အန္ဓပုထုဇဉ် အကန်း ရမ်းလုပ်တာ တည့်သွားတာ၊ ကုသိုလ်ကောင်းမှုနဲ့တည့်သွားတာ၊ ပုထုဇဉ်စိတ်ဟာဖြင့် ကောင်းမှုမှာ ပျော်သလား၊မကောင်းမှုမှာ ပျော်သလား။(မကောင်းမှုမှာပျော်ပါတယ်ဘုရား)။

အေး. . . ပုထုဇဉ်စိတ်ကမကောင်းမှာ ပျော်တာ၊ ကောင်းတာပျော်ရင် ခဏပဲ၊ အခုလို သူလှူတာကလေ၊ ဘုရား အမှူးရှိတဲ့သံဃာတော်တွေ ပြည့်ပြည့်စုံစုံနဲ ဆွမ်းဘုဉ်းပေးပါစေဆိုတဲ့ စေတနာက နည်းနည်းပါ၊ တိုင်းသူပြည်သားတွေထက် သာအောင်လှူမယ်ဆိုတဲ့ နာမည်ကြီးချင်တဲ့ လောဘက ပိုများပါတယ်၊ အဒါ ဘယ်ကျတော့ပေါ်တုန်းတဲ့။

## February 8, 2009 သစ္စာလေးပါးတရာတော် အပိုင်း(၁)

ကြည့်. . . သူ့မကောင်းတဲ့ အကွက်တွေလည်း အများကြီးပဲ၊ အဲ သူ့မှာ ဗန္ဓုလစစ်သူကြီးဆိုတာ ရှိတယ်၊ အဲဒီစစ်သူကြီးမှာ သား ၃၂ ယောက်ရှိတယ်၊ တစ်ခါတော့ တိုင်းပြည်တွင်းက တရားသူကြီး အမတ်တွေက မတရားသဖြင့် အမှုတွေ စီရင်ကြတယ်၊ ဒါ့ကြောင့် အဲဒီမတရားသဖြင့် ဆုံးဖြတ်ခံရတဲ့ အမှုသည်က မကျေနပ်လို့ ဗန္ဓုလစစ်သူကြီးကို သွားပြီးတော့ တိုင်တယ်ပေါ့၊ ဒါနဲ့ စစ်သူကြီးက တရားခွင်ရောက်လာပြီးတော့ သေသေချာချာ စစ်ဆေးပြီးတော့ မှန်တဲ့ဘက်ကို အနိုင်ပေးလိုက်တယ်၊ တိုင်းသူပြည်သား အားလုံးက ကောင်းချီးပေးကြတာပေါ့၊ ဗန္ဓုလစစ်သူကြီး တော်တယ်၊ တရားသဖြင့် အနိုင်ပေးတယ်ဆိုပြီးတော့ အဲဒီမှာ ဘုရင်က ကြားသွားတော့ တိုင်းသူပြည်သား အားလုံးက လိုလားနှစ်သက်မှတော့ စစ်သူကြီး ရာထူးအပြင် တရားသူကြီး ရာထူးလည်း ယူစေဆိုပြီးတော့ ပေးလိုက်တယ်၊ မကြာပါဘူး၊ ရာထူးပြုတ်သွားတယ်၊ တရားသူကြီး။

အမတ်တွေက ဗန္ဓုလစစ်သူကြီးကို မကျေနပ်တော့ ဘုရင့်ထံ ကုန်းချောတယ်၊ ဗန္ဓုလစစ်သူကြီးက အရှင်မင်းမြတ်ရဲ့ ထီးနန်းကို သိမ်းပိုက်အောင် ကြံစည်နေပါတယ်၊ အဲဒါ ယုံတယ်၊ အန္ဓပုထုဇဉ်ဖြစ်တဲ့ ကောသလမင်းကြီးက ဟုတ်လည်းမဟုတ်ဘဲနဲ့ အဲဒါ အကျဉ်းချုပ်ကတော့ ဗန္ဓုလစစ်သူကြီးနဲ့ သား ၃၂ ယောက်ကို ခေါင်းဖြတ်ပြီးတော့ သတ်ခိုင်းလိုက်တယ်၊ သတ်လိုက်ကြတယ်၊ ပါဏာတိပါတာကံ ဘာကံလဲ။

(ပါဏာတိပါတာကံပါဘုရား)။

မှတ်ထား၊ မန္ဓပုထုဇဉ်ဟာ အဲဒီအတိုင်းပဲ၊ ကုသိုလ်လည်း လုပ်တယ်၊ အကုသိုလ်လည်း လုပ်တယ်၊ အဲဒါ အန္ဓပုထုဇဉ်၊ ယောဂီတို့ . . . . . သောတာပန် မတည်ရင်နေ၊ ကလျာဏပုထုဇဉ်တဲ့၊ ရုပ်တွေ နာမ်တွေ နားလည်တဲ့ သူတော်ကောင်းပုထုဇဉ်အဖြစ် ရောက်သွားရင်လေ၊ မကောင်းတာ မလုပ်ဖြစ်တော့ပါဘူး၊ အန္ဓပုထုဇဉ်ကတော့ မကောင်းတာလည်း လုပ်တယ်၊ ကောင်းတာလည်း လုပ်တယ်။

စိတ်ရဲ့သဘောက မကောင်းတဲ့ဘက်မှာ ပျော်တဲ့အတွက်ကြောင့် မကောင်းတာ ပိုလုပ်ဖြစ်တယ်၊ ဒါ သူ့အကုသိုလ်ကံ၊ ဒါကို ထားလိုက်ပါဦး၊ အဲဒါထက်ကြီးတဲ့အကုသိုလ်ကံ ဆက်ပြောရအောင်၊ အဲ တစ်ခါတော့ တိတ္ထိဆရာကြီးတွေက မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်တွေက သစ္စာလေးတရားတွေကို ဟောကြားပြသနိုင်တော့ သာဝတ္ထိပြည်သူပြည်သားတွေအားလုံးက ကြည်ညိုကြတယ်၊ ကိုးကွယ်ကြတယ်၊ အဲဒီတော့ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးပေါ်များတာပေါ့။

အဲဒီလို သူတို့ သီလ သမာဓိ ပညာကြောင့် ပစ္စည်းလေးပါး ပေါ်များတာကို တိတ္ထိဆရာကြီးတွေက အဲဒီလို မထင်ဘူး၊ ဒါဇေတဝန်ကျောင်း ဆောက်တဲ့မြေနေရာဟာ ကောင်းတယ်၊ မြေနေရာကောင်းလို့သာလျှင် ဘုရားအမှူးရှိတဲ့ သံဃာတွေ ဘုန်းကြီးတာ၊ အဲဒီတော့ ငါတို့ရဲ့ တိတ္ထိကျောင်းကိုလည်း ဇေတဝန်ကျောင်းနားမှာ ကပ်ပြီးတော့ဆောက်ရရင် ငါတို့လည်း ဘုန်းကြီးမှာပဲ၊ အဲလို စဉ်းစားပြီးတော့ တစ်ခါတည်း ကောသလမင်းကြီးထံသွား၊ ငွေတစ်သိန်းလာဘ်ထိုးပြီးတော့ တစ်ခါတည်း ဇေတဝန်ကျောင်းဘေးမှာ သူတို့ကျောင်းဆောက်ခွင့်တောင်းတယ်၊ ကဲ ပရိသတ်များ၊ ကောသလမင်းကြီးနေရာမှာနေပြီးတော့ စဉ်းစားကြည့်စမ်း၊ ဟို ဘုရားအမှူးရှိတဲ့ သံဃာတွေက ရဟန္တာကများတယ်၊ သူတော်ကောင်းတွေဆိုတာ ဆူညံမှုကို ကြိုက်သလား၊ တိတ်ဆိတ်မှုကို ကြိုက်သလား။

( တိတ်ဆိတ်မှုကိုကြိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် အခုလို ရိပ်သာထဲ ရောက်လာတဲ့ ပုဂ္ဂိုလ်များ အားလုံးဟာ ဘယ်တော့မှ စကားကျယ်ကျယ် မပြောနဲ့သူတော်ကောင်းမှန်သမျှဟာ တိတ်ဆိတ်မှုကိုပဲ ကိုပဲကြိုက်ပါတယ်၊ ဒါ့ကြောင့် ယောဂီတို့ အထူးသတိပြုပါ၊ ကိုယ့်နေရာကိုယ် ရောက်ရင် ဘယ်တော့မှ စကားမပြောပါနဲ့၊ ဘေးပုဂ္ဂိုလ်ကိုသွားအနှောက်အယှက် ဖြစ်ပါတယ်၊ ဒါ အများကြီးငဲ့မှ၊ ဩော် ငါ့အတွက်နဲ့ သမာဓိမပျက်ပါစေနဲ့။

တစ်ချို့က ကိုယ့်နေရာမှာလည်း တရားရှုမှတ်နေကြတာ၊ အဲဒါ ကိုယ်ကစကားတွေနင်းကန် လျှောက်ပြောတော့ ဟိုမှာ တရားအရှုပျက်သွားတော့ သူများရဲ့ တရားကို အန္တရာယ်ပြုရာ ရောက်တယ်၊ အပြစ်သိပ်ကြီးတယ်၊ ဒါ့ကြောင့် စကားမပြောနဲ့၊ အဲဒီတော့ ယောဂီတို့ စဉ်းစားကြည့်ပေါ့၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေရဲ့ အနီးမှာ တိတ္ထိတွေက ကျောင်းလာဆောက်တော့ စိတ်တွေ အနှောက်အယှက် ဖြစ်တာပေါ့။

တိတ္ထိဆိုတာ ဘာတရားမှ ရှိတာမဟုတ်ဘူး၊ ဆူညံပွက်လောရိုက်နေတာ၊ အဲဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကဟာ ဒီအတိုင်းတော့ မဖြစ်ဘူး၊ ကောသလမင်းတော့ မဟုတ်တာလုပ်ပြီ၊ သွား. . သာရိပုတ္တရာနဲ့ မောဂ္ဂလာန် ကောသလမင်းထံသွားပြီး တိတ္ထိကျောင်းတွေ ဒီနေရာက ဖျက်ခိုင်းလိုက်၊ အဲဒါ အဂ္ဂသာဝကနှစ်ပါး ကောသလမင်းထံ သွားကြတယ်။

ဟို. . ကျတော့ ကောသလမင်းဟာလေ၊ တိတ္ထိကျောင်းကို ဖျက်ပေးဖို့ နေနေသာသာ အတွေ့ကို မခံဘူးတဲ့၊ ကြည့်စမ်း အတွေ့တောင် မခံဘူးတဲ့၊ အတွေ့ခံရဲ့လား။

(အတွေ့မခံပါဘူးဘုရား)။

မခံဘူး၊ တံခါးပိတ်ထားတယ်၊ အဲဒါ မထေရ်မြတ်ကြီးနှစ်ပါးကတော့ ဘုရင်ထွက်လာနိုး ထွက်လာနိုးနဲ့ စောင့်နေတာပေါ့၊ မလာဘူး၊ တစ်နေကုန်သွားတော့ မထေရ်မြတ်ကြီးတွေ ညောင်းညာတော့ ကျောင်းပြန်သွားရတယ်၊ ကိုင်း- ရဟန္တာအရှင်မြတ်ကြီးတွေ စိတ်အနှောက်အယှက် ဖြစ်မသွားဘူးလား။

အဲဒီလိုလုပ်တာ တခြားပုဂ္ဂိုလ်လား၊ အန္ဓပုထုဇဉ်။

(အန္ဓပုထုဇဉ်ပါဘုရား)။

အေး. . သစ္စာလေးပါး မသိရင် ယောဂီများမှတ်ထားလိုက်ပါ၊ သူတော်ကောင်း ပုဂ္ဂိုလ်ကို ပြစ်မှားမိတတ်တယ်၊ သစ္စာလေးပါး မသိမှတော့ ဘယ်လောက်ဆိုးလဲ ကြည့်နော်၊ ငွေတစ်သိန်း မျက်နှာကြည့်ပြီးတော့ ရဟန္တာတွေ စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်နေတာ နောက်ဆုံး အဂ္ဂသာဝကနှစ်ပါးက ဘယ်လိုမှမရတော့ ဘုရားရှင် ကိုယ်တော်တိုင်ကြွလာတယ်၊ ဘုရားရှင်ကျတော့ သူအခန်းထဲ အောင်းမနေရဲဘူး၊ ထွက်တွေ့ရတယ်။

အဲဒီမှာ ဘုရားရှင်က သူတော်ကောင်းတွေ စိတ်အနှောက်အယှက် ဖြစ်အောင်လုပ်ရင် အပြစ်ကြီးတဲ့အကြောင်းတွေ ဟောပြပါတယ်၊ နောက်လာဘ်စားတဲ့အပြစ်တွေကို ဟောပြတော့မှ ကောသလမင်းကြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်တော့ မရပါဘူး၊ အားနာပါးနာနဲ့ပေါ့။

ဘုရားရှင်ကိုယ်တိုင် ရောက်လာတော့ အဲဒီကျမှ တိတ္ထိတွေဆီက ယူထားတဲ့ငွေတစ်သိန်းကို ပြန်ပေးပြီးတော့ ကျောင်းတွေကို ဖျက်ခိုင်းတယ်၊ သို့သော် ဘုရားအမှူးရှိတဲ့ ရဟန္တာအရှင်မြတ်တွေ စိတ်အနှောက်ယှက်ဖြစ်သွားပြီး အဲဒီအကုသိုလ်ကံတွေက သူ့အတွက် မကောင်းကျိုးတွေ ပေးရတော့မယ်။

တစ်ရက်တော့ သူ ဘုရားကျောင်းတော်ကို စစ်တပ်ကြီး ခြံရံပြီးရောက်သွားတယ်၊ ကျောင်းတိုက်ထဲဝင်ခါနီးကျတော့ သူ့ရဲ့ မင်းမြောက်တန်ဆာငါးပါးကို ခဏချွတ်ပြီးတော့ ဒီဗန္ဓုလသေသွားတော့ ဗန္ဓုလရဲ့ တူတော်တဲ့ ဒီဃတာရာယနဆိုတဲ့ စစ်သူကြီးကို မင်းမြောက်တန်ဆာတွေ ခဏပေးပြီးတော့ ကောသလမင်းကိုယ်တိုင် ကျောင်းတော်ထဲဝင်သွားတယ်။

အဲဒီအချိန်မှာ ဒီဃတာရာယနကလည်း မကျေနပ်ဘူးလေ၊ သူ့ဦးလေး ဗန္ဓုလကို မတရားသဖြင့် သတ်ထားတာဆိုတော့ အကွက်ကောင်းကတော့ ပေါ်ပြီဆိုပြီး မင်းမြောက်တန်ဆာငါးပါးကို အသင့်ပါလာတဲ့ ကောသလမင်းရဲ့ သားတော် ဝိဋ္ဋူဘကို ဆင်ယင်ပေးလိုက်တယ်၊ ဝိဋ္ဋူဘဘုရင်ဖြစ်သွားတာပေါ့။

အဲဒီမှာတင် ပြီးတော့ သူတို့က စစ်တပ်နဲ့ အကုန်ပြန်သွားကြတယ်၊ ကျွန်မတစ်ယောက်ရယ်၊ မြင်းတစ်ကောင်ရယ်ပဲ ထားခဲ့တယ်၊ ကောသလမင်းကြီး ပြန်ထွက်လာတော့ ဒီမှာဘယ်သူကိုမှ မတွေ့ရ

တော့ဘူး၊ မြင်းတစ်ကောင်နဲ့ ကျွန်မတစ်ယောက်ကိုပဲ တွေ့ရတော့တယ်၊ အဲဒီအချိန်မှာ ကောသလမင်းက အသက်အားဖြင့် ၇၀ ကျော်နေပါပြီ၊ အသက်ဘယ်လောက်ရှိပြီလဲ။

(၇၀ ကျော်ပါပြီဘုရား)။

ကဲ ယောဂီတို့ ဒီအချိန်မှာဆိုရင် တရားသံဝေဂရဖို့ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)။

အဲဒါ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးပါး အဖိုးကြီး ဘာသံဝေဂမှမရဘူး၊ ဟာ ငါ့ရဲ့ အာဏာတော့လုသွားပြီ ပြန်တိုက်ယူမယ်တဲ့၊ ကြည့်ပါဦး စစ်ပြန်တိုက်လိုက်ဦးမယ်ဆိုပဲ၊ အဲဒါ တစ်ခါတည်း သူ့တူတော်တဲ့ ရာဇဂြိုဟ်ပြည်က အဇာတသတ်ဆီကို ထွက်သွားတယ်၊ မြင်းစီးပြီးတော့ပေါ့။

ရာဇဂြိုဟ်ပြည်ရောက်တော့ မိုးချုပ်သွားပြီ၊ မြို့တံခါးပိတ်ပြီးသွားပြီ၊ အဲဒီကျတော့ သူ့အထဲကို ဝင်လို့မရတော့ဘူး၊ ဒါနဲ့ မြို့အပြင်မှာရှိတဲ့ ဇရပ်မှာ အိပ်နေရတယ်၊ သူတောင်းစား တစ်ယောက်လိုပေါ့၊ ဘာမွေ့ယာ ဘာအခင်းမှလည်းမပါဘူးပေါ့၊ အဲဒီတော့ စိတ်ဆင်းရဲရတဲ့ဒဏ်တွေကြောင့် ကောသလမင်းကြီးဟာ ရာဇဂြိုဟ်မြို့ပြင်က ဇရပ်ထဲမှာ ခွေးသေဝက်သေနဲ့ သေခဲ့ရတယ်။ အပါယ်လည်း ကျဖို့များပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဘုရားအမျိုးရှိတဲ့ ရဟန္တာများကို စိတ်အနှောက်ယှက်ဖြစ်အောင် လုပ်ခဲ့တဲ့ အကုသိုလ်ကံ ပါတယ်လေ၊ အဲဒီပုဂ္ဂိုလ်မျိုးကို မှတ်လိုက်ပေါ့၊ အန္ဓပုထုဇဉ်ပါတဲ့၊ ဘာပုထုဇဉ်လဲ။

(အန္ဓပုထုဇဉ်ပါဘုရား)။

ဒီတော့ ယောဂီတို့ အန္ဓပုထုဇဉ်အဖြစ်က လွတ်ဖို့ အရေးမကြီးဘူးလား။

(အရေးကြီးပါတယ်ဘုရား)။

အေး. . . အခုဗုဒ္ဓသာသနာနဲ့ တွေ့ကြုံနေရပြီ၊ အန္ဓပုထုဇဉ်အဖြစ်က လွတ်ချင်ရင်တော့ သစ္စာလေးပါး တရားကိုသိအောင် ကြိုးစားရလိမ့်မယ်၊ သစ္စာလေးပါးဆိုတာ မှတ်လိုက်ပါ။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတဲ့။ ဆိုလိုက်။

(. . . . . . . . . . . . . . . . )

သစ္စာဘယ်နှစ်ပါးပါလိမ့်၊

(လေးပါးပါဘုရား)။

သစ္စာဆိုတာ "အမှန်" လို့အဓိပ္ပါယ်ရတယ်၊ လောကမှာ တကယ့် အမှန်ဟာ လေးပါးပါပဲ၊ ကျန်တာ အမှားတွေချည်းပဲလို့ သိလိုက်ပေါ့၊ ဒီအမှန်လေးပါးကို သိရင် အမှားတွေ ကွာသွားတာပဲ၊ အဲဒီသစ္စာလေးပါး မသိတာကိုပဲ အကန်းလို့ ပြောတာ၊ အန္ဓပုထုဇဉ်ဆိုတာကို ပြောတာ။

ပထမဆုံး ဒုက္ခသစ္စာတဲ့၊ ဒုက္ခသစ္စာဆိုတာ မြန်မာလို ဆင်းရဲတာအမှန်၊ အဲဒါ ဒုက္ခသစ္စာ။ ဒုက္ခသစ္စာအရ ဘာကိုရသလဲဆိုတော့ ဦးဇင်းတို့ စာအလိုအရဆိုရင်ပေါ့လေ၊ လောကီစိတ်က ၈၁ ပါး၊ နောက်လောဘကြဉ်တဲ့ စေတသိက်က ၅၁ ပါး၊ ရုပ်က ၂၈ ပါး၊ အဲဒီ ရုပ်နာမ် တရားနှစ်မျိုးကို ဒုက္ခသစ္စာလို့မှတ်၊ ရုပ်နဲ့နာမ်ဟာ ဘာသစ္စာ။

(ဒုက္ခသစ္စာပါဘုရား)။

ပြီးတော့ ရုပ်နဲ့နာမ်ကို ဘာဖြစ်လို့ ဒုက္ခသစ္စာလို့ ပြောရသလဲဆိုတာကို ယောဂီများ သညာသိ၊ ခန္ဓာသိ၊ ပဋိဝေဓအေသိနဲ့လည်း သိအောင် အကျယ်ချဲ့ပြီး ပြောပေးမယ်၊ အခုတော့ အကျဉ်းလေးမှတ်လိုက်ပေါ့။

အဲဒီ ဒုက္ခသစ္စာဟာ စာလိုဆိုရင်တော့ "ပရိညာတဗ္ဗကိစ္စ" ရှိတယ်၊ မြန်မာလို ပြောရင်တော့ သိရမယ့်တရားပေါ့။ ဒုက္ခသစ္စာဘာလုပ်ရမယ့်တရားပါလိမ့်။

(သိရမယ့်တရားပါဘုရား)။

ဆင်းရဲတာကို ဆင်းရဲမှန်း သိအောင် လုပ်ရမယ်။ ဒုတိယ သမုဒယသစ္စာဆိုတာ လိုချင်တပ်မက် စွဲလမ်းတဲ့ တဏှာကိုရတယ်၊ တရားကိုယ်က လောဘတေသိက်ပဲ၊ ဒါ့ကြောင့် လိုချင်တာမှန်သမျှ သမုဒသစ္စာလို့ သိထား၊ ဒါက ပဓာနနည်းအားဖြင့်ပြောတာ၊ တကယ်တော့ ကိလေသာ ၁၀ပါးလုံးဟာ သမုဒယသစ္စထဲမှာ ပါတယ်လို့သိပါ။

ပဓာနအားဖြင့် တဏှာဟာ သမုဒယသစ္စာ၊ အပဓာနအားဖြင့် ကိလေသာ ၁၀-ပါးလုံးဟာ သမုဒယသစ္စာလို့သိထား၊ အဲဒီတော့ သမုဒယသစ္စာက ဘာလုပ်ရမယ့်တရားလည်းဆိုတော့ ပယ်သတ်မယ့်တရား၊ ယောဂီတို့ ဒီသစ္စာလေးပါး သိရင်တောင် အတော်ကြီး တရားတွေလာလိမ့်မယ်၊ ပယ်ရမယ့် တရားတဲ့။

ယောဂီတို့ အဲဒီ လောဘကင်းရင် ကင်းသလောက် ချမ်းသာတယ်၊ နိဗ္ဗာန်ဆိုတာ မှတ်ထား၊ လောဘကုန်နေတာဟာ နိဗ္ဗာန်၊ လောဘကုန်တဲ့နေရာဟာ ဘာတဲ့လဲ။

(နိဗ္ဗာန်ပါဘုရား)။

ယောဂီတို့ ဦးဇင်းတို့ ဆင်းရဲနေမှု မှန်သမျှဟာ တဏှာသမုဒယသစ္စာကြောင့် ဆင်းရဲနေရတာ၊ တဏှာကင်းတာနဲ့ချမ်းသာတော့တာပါပဲ၊ တဏှာဆိုတာလေ နည်းနည်းကုန်ရင်နည်းနည်းချမ်းသာတာပါပဲ၊ ကဲ. . . လက်တွေ့ပြောမယ်လေ၊ ခုဦးဇင်းရဲ့ ညီအစ်ကို မောင်နှမ အမေအဖေစတဲ့ ဆွေမျိုးတွေကို ဟိုး. . . အဝေးကြီး မန္တလေးမှာ မထားခဲ့ဘူးလား။

(ထားခဲ့ပါတယ်ဘုရား)။

ဆရာတော် ကိုယ့်ဆွေမျိုးသားချင်းတွေကို သတိမရပါဘူးလားလို့မေးလိမ့်မယ်၊ မရပါဘူး၊ ဒါ အမှန်တိုင်းပြောတာပါ၊ သတိရချိန်ကို မရှိဘူး၊ ဦးဇင်းမှာ သတိရရင် တဏှာပေါ့၊ ယောဂီများ မှတ်ထား နော်၊ ရုပ်တရားနာမ်တရား၊ လင်နဲ့မယား စွဲလမ်းတာကိုမှ တဏှာခေါ်တာ မဟုတ်ဘူး၊ သားသမီးစွဲလမ်းလည်းတဏှာပဲ၊ မိဘစွဲလမ်းလည်းတဏှာပဲ၊ မစွဲလမ်းရဘူး။

ငါ အမေ့ကိုသတိရစွဲလမ်းတာပဲ၊ ကုသိုလ်ရမယ် မထင်နဲ့ အပါယ်ပဲ ကျမယ်၊ ဘာမှ မစွဲရဘူး၊ ပြောပြီးပြီလေ၊ ရုပ်နဲ့နာမ်က ဒုက္ခသစ္စာကိုး၊ အဲဒီတော့ ရုပ်ကောနာမ်ကော ဘယ်သူ့ရုပ် ဘယ်သူ့နာမ်ကိုပဲ စွဲလမ်းစွဲလမ်း တခြားလား သမုဒယသစ္စာလား၊

(သမုဒယသစ္စာပါဘုရား)။

အေး. . . တဏှာနဲ့ စွဲလမ်းရင်တော့ ဆင်းရဲပြီသာမှတ်တော့၊ လက်တွေ့ကတော့ အဲဒီရုပ်နာမ်တွေကို ယောဂီများစွဲလမ်းတဲ့သဘောဟာမကောင်းကျိုးပေးတာပဲ၊ အဲဒါ သတိပြုကြ၊ စွဲလန်းတာမှန်သမျှ ဘာမှ ကောင်းကျိုးမပေးဘူး၊အဲဒါကြောင့် ဘာမှ မစွဲလမ်းကြနဲ့။

အဲဒီတော့ ဦးဇင်းအနေနဲ့ ကိုယ့်ညီအစ်ကို မောင်နှမ မိဘတွေအပေါ်မှာ မစွဲလမ်းတော့ ဦးဇင်းမှာ ပူလောင်မှု ဖြစ်သေးရဲ့လား၊ အဲဒါ ချမ်းသာတာပဲပေါ့၊ ယောဂီတို့ ဒီလို သိရတယ်နော်။ တရားဆိုတာ ဉာဏ်အလုပ်၊ ဝိပဿနာဆိုတာ ဉာဏ်အလုပ် ပုံစံတစ်ခု ထည့်ပြောမယ်၊ ယောဂီတို့ အခု ကိုယ့်အိမ်ရှေ့မှာ အလောင်းတစ်ခု ဖြတ်သွားတယ်၊ အသုဘချတယ်ဆိုပါတော့၊ အဲဒီ သေသွားတဲ့ပုဂ္ဂိုလ်က ယောဂီတို့နဲ့ အမျိုးအရင်း ဖြစ်မယ်၊ ညီအစ်ကို မောင်နှမ အဖေအမေ လင်မယား တစ်ခုခု ဖြစ်မယ်ဆိုရင် ယောဂီတို့ သောက မရောက်ဖူးလား။

(ရောက်ပါတယ်ဘုရား)။

ရောက်တယ်၊ ပုဆွေးသောက ရောက်တယ်၊ အကယ်၍ အဲဒီသေသွားတဲ့ ပုဂ္ဂိုလ်က ကိုယ်နဲ့ဘာမှ မတော်စပ်တဲ့သူ ဆိုရင် သောကပရိဒေဝ ဖြစ်သေးလား။

(မဖြစ်ပါဘူးဘုရား)။

စဉ်းစားကြနော်၊ ယောဂီတို့ ဉာဏ်အလုပ် အသုဘကို တွေ့တာချင်း တူပါလျှက်နဲ့ မိမိချစ်ခင်တဲ့သူ သေတာကျတော့ ပူဆွေးသောက ရောက်တယ်၊ ထမင်းတောင် မစားနိုင်တော့ဘူး၊ မိမိနဲ့ မသိတဲ့ ပုဂ္ဂိုလ်သေတော့ သောကဖြစ်ဖို့နေနေသာသာ ထမင်းတောင် အစားမပျက်ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ တွေးရမယ်၊ ပြောခဲ့ပြီ ဝိပဿနာဆိုတာ ဉာဏ်အလုပ်၊ အဲဒီလို တွေးရတယ်။ ယောဂီတို့ ဝိပဿနာကို လက်တွေ့ အသုံးချတဲ့နည်းကို ပေးနေတာ၊ စက်ဝိုင်းတွေသာ လှည့်နေတာ လက်တွေ့အသုံးမချတတ်ဘူး၊ လက်တွေ့ အသုံးချရမယ်။ အဲဒါကို အပေါ်ယံပြောရင်တော့ မိမိရဲ့ဆွေမျိုးတော်လို့၊ မိမိရဲ့ သား မယား ဖြစ်လို့ ညီအစ်ကို မောင်နှမဖြစ်လို့ပူဆွေးရတာပေါ့၊ ပူဆွေးသောက မရောက်တာကတော့ မိမိနဲ့ဘာမှ မတော်လို့ မသိလို့ပူဆွေးသောက မရောက်တာပေါ့လို့ ဆိုတဲ့ ယောဂီတို့အဖြေကတော့ ယောဂီတို့အတွက် ဘာမှအကျိုးမရှိဘူး၊ ဒါက လောကအဖြေလို့ ခေါ်တယ်။ ဓမ္မနဲ့ ကြည့်ကြည့်ရအောင်၊ ယောဂီတိုနဲ့ ဆွေမျိုး တော်စပ်တဲ့သူ သေတဲ့အခါပူဆွေး ၊ သောကရောက်ရတာဟာ ယောဂီတို့ မှတ်ထားလိုက်၊ အဲဒီ သေတဲ့ သူရဲ့အပေါ်မှာ စွဲလမ်းတပ်မက်တဲ့ တဏှာကြောင့်၊ ဘာကြောင့်။

(တဏှာကြောင့်ပါဘုရား)။

အဲဒီတဏှာကြောင့် ပိုဆိုးတာဗျာ၊ ဆွေမျိုးတော်လို့ ညီအစ်ကိုမောင်နှမတော်လို့ လင်မယားစ သည်တော်လို့ မဟုတ်ဘူး အဲဒါတွေက ပညတ်တွေ၊ တကယ်စွဲလမ်းတဲ့ တဏှာကြောင့် ပူဆွေးသောက ရောက်ရတာ၊ ဒါကြောင့်တဏှာကပူလောင်တယ်။ တဏှာကြောင့် သောကရောက်ရတယ်ဆိုတာ မသေချာ ဘူးလား။

(သေချာပါတယ်ဘုရား)။

လွယ်လွယ်ကလေးပဲ၊ သောက မရာက်ချင်ရင် ဘာကိုမှ မစွဲလမ်းနဲ့ပေါ့၊ ဒါ အဖြေပဲ၊ မစွဲလမ်းရင် ချမ်းသာတာပဲ။ အဲဒီတော့ မိမိနဲ့ အမျိုးမတော်စပ်သူ သေတော့ သောကရောက်ရဲ့လား။

(မရောက်ပါဘူးဘုရား)။

ဘာ့ကြောင့် မြတ်စွာဘုရားက တဏှာဟာ ပယ်သတ်ရမယ့်တရား၊ အဲဒီလိုမှတ်ပါ။

နံပါတ် ၃ နိရောဓသစ္စာတဲ့၊ နိရောဓသစ္စာအရ နိဗ္ဗာန်ကိုရယူရမယ်၊ ယောဂီတို့ ကျေညက် အောင်လည်း အကျယ်ချဲ့ပြီး နောက်ညတွေမှာ ဟောပေးဦးမယ်၊ နိဗ္ဗာန်ဆိုတာ ဘာဒုက္ခမှ မရှိတော့ဘူး၊ ဘယ်ရုပ်ဘယ်နာမ်တွေကမှ ဒုက္ခမပေးနိုင်တော့ဘူး၊ ဒုက္ခတွေ မရှိတော့ဘူး၊ အဲဒါဟာ နိဗ္ဗာန်ပဲ။ သိုသော် ယောဂီတို့ အကျဉ်းချုပ်ပြီး သိရမှာက အပါယ်မကျတာလည်း နိဗ္ဗာန်၊ ယောဂီတို့ အပါယ်မကျရင် မချမ်းသာဘူးလား။

(ချမ်းသာပါတယ်ဘုရား)။

ယောဂီတို့ တကယ်ချမ်းသာတယ်၊ ယောဂီတို့ လူတွေသေခါနီးမှာ ကြောက်တတ်ကြတယ်၊ စဉ်းစားစဉ်းစား၊ ငါ့ရှေ့မှာ သေစကားမပြောစမ်းနဲ့၊ အဲဒီလောက် သေမှာကြောက်တာ၊ ဘာလို့ကြောက် သလဲဆိုတော့ ယောဂီတို့ သေပြီးရင် လူဖြစ်မယ်၊ နတ်ဖြစ်မယ်ဆိုရင် ကြောက်ပါ့မလား။ မကြောက်ဘူး၊ ဒါဆိုရင် ယောဂီတို့ မှတ်လိုက်စမ်း၊ သေမှာကြောက်တယ်ဆိုတာ အပါယ်ကျမှာကို ကြောက်တာ၊ ဘာဖြစ်လို့။

(အပါယ်ကျမှာကြောက်လို့ပါဘုရား)။

အဲဒီတော့ ဒီတရားတွေသိလို့ သောတာပန်တည်ပြီး အပါယ်တံခါးပတ်ပြီဆိုရင် ကြိုက်တဲ့ အချိန်သေစမ်း၊ သူကအပါယ်ကျမှမကျတော့တာ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံဆိုတော့ ကြောက်စရာ မလိုတော့ဘူး၊ ဒါ့ကြောင့် တခြားနိဗ္ဗာန် မရရင်နေ၊ အပါယ်မကျတဲ့ ပထမနိဗ္ဗာန်ကတော့ လူသားတိုင်း မရသင့်ဘူးလား။

(ရသင့်ပါတယ်ဘုရား)။

အေး. . . အဲဒီ အပါယ်မကျတဲ့ နိဗ္ဗာန်ကို ရဖို့ ဒီနေ့ တရားစခန်းကြီးဖွင့်ပြီး နာကြား ရှုပွားကြ၊ ဒီမှာပြသနေတာ အဲဒီလောက်တော့ သိထား၊ နောက်မှ အကျယ်ချဲ့ရအောင်၊ အဲဒီတော့ အဲဒီတရားဟာ မျက်မှောက်ပြုရမယ့်တရား၊ နိရောဓသစ္စာက ဘာလုပ်ရမယ်။

(မျက်မှောက်ပြုရမှာပါဘုရား)။

မျက်မှောက်ပြုတယ်ဆိုတာ သိမြင်တာကို ပြောတာ၊ မဂ္ဂသစ္စာဆိုတာ ပွားများရမယ့် တရားလို့ မှတ်လိုက်၊ အဲဒီတော့ မဂ္ဂသစ္စာကျတော့ သရုပ်ကလေး မှတ်လိုက်ရအောင်၊ ယောဂီတို့ မှတ်နော်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တကယ်၊ မပျင်းရဘူး။ ဒီလိုတရားတွေကျတော့ ဘဝသံသရာတစ်လျှောက်မှာ တစ်ဘဝနာရဖို့ မလွယ်ဘူး၊ အင်မတန်ခဲယဉ်းတယ်၊ သစ္စာဆိုတာ မြတ်စွာဘုရားပွင့်တော်မူမှ ဟော လို့ရတာ၊ ကျန်တဲ့အချန်မှာ မပေါ်ဘူး၊ ပျောက်နေတယ်၊ အဲဒီတော့မဂ္ဂင်ရှစ်ပါးကို လိုက်ဆိုကြရအောင်။

**သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ** အဲဒီ မဂ္ဂင်ရှစ်ပါးထဲမှာ ပထမဆုံးက သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာဒိဋ္ဌိဆိုတာ မြန်မာပြန်ရင် "မှန်သောအယူ" တဲ့၊ မှန်တာသိ၊ မှန်တာယူတယ်ဆိုတာ ဘာလဲဆိုတော့ ပညာကိုယူတဲ့၊ တခြား ဘီအေ၊ အမ်(မ်)အေပညာတွေ မဟုတ်ပါဘူး၊ဝိပဿနာပညာ၊ ဘာပညာပါလိမ့်။

(ဝိပဿနာပညာပါဘုရား)။

အဲဒါ သမ္မာဒိဋ္ဌိပဲ၊ ဒီဉာဏ်မရသရွေ့ ဘာပညာတတ်တတ် "အန္ဓပုထုဇဉ်" ပဲပရိသတ်ရေ၊ ဘယ်လောက်ရာထူးကြီးကြီး၊ ဘယ်လောက်ဘွဲ့တွေရရ၊ ဒီသမ္မာဒိဋ္ဌိဉာဏ်မှ မရရင် အလကားပဲ၊ လူရမ်းကားပဲ ကောင်းတာလဲလုပ်မယ်၊ မကောင်းတာလဲလုပ်မယ်၊ နှစ်မျိုးစလုံးလုပ်တယ်၊ အဲဒီပညာဟာ အရေးအကြီးဆုံးပဲ သမ္မာဒိဋ္ဌိအရ ပညာစေတသိက်၊ မှန်သောအယူ သို့မဟုတ် မှန်သောအသိပေါ့။

ဒုတိယ သမ္မာသင်္ကပ္ပတဲ့၊ ဒီမဂ္ဂင်အရာက မှန်သောကြံစည်ခြင်းပေါ့၊ ဒီလို မြန်မာပြန်ရမယ်၊ မှန်သောကြံစည်ခြင်းက သမ္မာသင်္ကပ္ပ၊ ဒီမဂ္ဂင်အရ ဝိတက်စေတသိက်ကိုရတယ်၊ ဝိတက်ဟာ တွေး တောတာ၊ ကြံစည်တာပေါ့၊ အသိမှန်ရင် အတွေးမှန်သွားတာပေါ့၊ အသိမှန်ရင် အတွေးမှန်သွားပါပြီ၊ အဲ. . . . အဲဒီသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပနှစ်ပါးကို ပညာမဂ္ဂင်လို့ခေါ်တယ်။

မှတ်ခဲ့နော်၊ အဲဒီ နှစ်ပါးက အရေးအကြီးဆုံးပါပဲ၊ ပညာမဂ္ဂင်နှစ်ပါး၊ မိမိသန္တာန်မှာ ပေါ်ရင် ကျန်သမာဓိမဂ္ဂင်နဲ့ သီလမဂ္ဂင် အကုန်လုံးပါသွားတယ်လို့သိရမယ်၊ ပါသွားပုံကိုလည်းပဲ ဗုဒ္ဓလက်ထက်က လက်တွေ့ ဖြစ်ရပ်ကလေး တွေနဲ့ပြောပြပေးမယ်၊ နောက်ဆက်လာတာက သမ္မာဝါစာတဲ့။ သမ္မာဝါစာ ဆိုတာ "မှန်စွာပြောဆိုခြင်း"၊

ဘာတဲ့တုံး. . . . (မှန်စွာပြောဆိုခြင်းပါဘုရား)။

အေး . . . . မှန်စွာပြောဆိုတာကို မှားစွာပြောဆိုတာတွေရှိတယ်၊ ဟုတ်လား၊ ဒါဆို မှားတဲ့ ပြောဆိုခြင်းကို ပြောရအောင်မှားတဲ့ပြောဆိုခြင်းကနေ ရှောင်လိုက်ရင် မှန်စွာပြောဆိုခြင်း ဖြစ်သွားတာပဲ၊ မှားတဲ့ ပြောဆိုခြင်းက လေးမျိုးရှိတယ်၊ စကားလေးမျိုးပေါ့၊ တစ်နည်း ဝစီဒုစရိုက်လေးမျိုး၊ တနည်း ပါးစပ်မှာဖြစ်တဲ့ စပ်မှာဖြစ်တဲ့ အကုသိုလ် ဒုစရိုက်လေးမျိုး လို့မှတ်ပေါ့။ ယောဂီတို့ ဦးဇင်းတို့ ဟောဒီပါးစပ်မှာ ဘဝအဆက်ဆက်မှာ မမှန်တဲ့ ဝစီဒုစရိုက် တစ်ခုမဟုတ် တစ်ခုဖြစ်ခဲ့တယ်၊ မလိမ်ကြ ပါနဲ့၊ ဘုရားရှင်ကိုယ်မြတ်ကြီး နုစဉ်ဘဝတုန်းက ပါရမီဖြည့်စဉ် ဘဝတုန်းက သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း၊ သူ့တစ်ပါးသားမယား ပြစ်မှားခြင်း၊ သေရည်သေရက်သောက်ခြင်းစတဲ့ ကျန်တဲ့အကုသိုလ် ဒုစရိုက်တွေကိုပြုဖူးပါတယ်၊ ဒါပေမယ့် မုသာဝါဒကံကတော့ တစ်ဘဝမှာမှ မကျူးလွန်ခဲ့ပါဘူး။

မုသားကို မကျူးလွန်ခဲ့ဘူး၊ အဲဒါကြောင့် တို့ ယောဂီတွေလည်း အထူးသဖြင့်ရှောင်၊ စောင့်ရှောက်၊ ဒီမုသာပါဒကံကိုမကျူးလွန်မိအောင်ပေါ့၊ ဘဝအဆက်ဆက်က အကျင့်ပါလာတော့ လိမ်ချင်တယ်၊ အမှန်ကိုမပြောချင်ဘူး၊ အကျင့်ပါတယ်။ ကဲ . . . ဒါ့ကြောင့် မကောင်းတဲ့ဒီအကျင့်ကို ဖျောက်ကြ၊ အဲဒါကြောင့် မုသာဝါဒ လိမ်ညာပြောဆိုခြင်း၊ နောက် ပိသုဏဝါစာ-ဆိုတာကုန်းတိုက်စကားပြောတာပေါ့၊ လူနှစ်ယောက် မတည့်အောင် ကုန်းတိုက်တာ၊ နောက် ဖရုသဝါစာ ကြမ်းတမ်းတဲ့ စကားတွေ ရုန့်ရင်းတဲ့ စကားတွေပြောဆိုတာပေါ့၊ ပညာရှိတွေရဲ့ နားမှာ မခံသာတဲ့စကားတွေကို ပြောတာကိုပြောတာကိုဆိုလိုတယ်။ လေးခုမြောက်ကတော့ သမ္ဖပ္ပလာပဝါစာတဲ့၊ ပါဠိမရေးတတ်လည်း မြန်မာလိုမှတ်ပေါ့၊ အပြိန်အဖျင်းစကား အကျိုးမရှိတဲ့စကား၊ မင်းသားမင်းသမီးအကြောင်း၊ နိုင်ငံရေးအကြောင်းကြောင်းတွေ၊ တောအကြောင်း တောင်အကြောင်းတွေ၊ သူတစ်ပါးအတင်းတွေပေါ့၊ သမ္ဖပ္ပလာပဝါစာခေါ်တယ် ပရိသတ်ရေ။

ဘာမှအကျိုးမရှိတဲ့စကားတွေ မပြောရဘူး၊ ဒါ့ကြောင့် စကားမပြောနဲ့လို့ ပြောတာ၊ ပြောရင် သမ္မာဝါစာမဂ္ဂင် မဖြစ်တော့ဘူး၊ သားအကြောင်း သမီးအကြောင်း တောအကြောင်း တောင်အကြောင်းတွေမပြောနဲ့တဲ့ မြတ်စွာဘုရားက။ အဲဒါလေးခုရှောင်ရင် ကိုယ်ပြောတဲ့စကားဟာ ကောင်းမွန်မှန်ကန်တဲ့ အနှစ်ပြည့်တဲ့ မွန်မြတ်တဲ့စကားတွေဖြစ်ကုန်ပြီ၊ လိမ်မပြောရဘူး၊ ကုန်းမတိုက်ရဘူး၊ ရုန့်ရင်းကြမ်းတမ်းတဲ့စကား မပြောရဘူး၊ အကျိုးမရှိတဲ့ အပြိန်အဖျင်းစကားတွေ မပြောရဘူး။

သမ္မာဝါစာပြီးတော့ သမ္မာကမ္မန္တ-ဆိုတာကိုဆက်ဦးစို့၊ မှန်သောပြုလုပ်ခြင်းဆိုတာကို သမ္မာကမ္မန္တလို့ခေါ်တယ်၊ ဘာတွေလဲ၊ ဒါဆိုရင် မမှန်သောပြုလုပ်ခြင်းတွေ ရှိသလား၊ ရှိတယ်၊ မမှန်သောပြုလုပ်ခြင်းက သုံးမျိုးရှိတောင်ရှိတယ်၊ ကာယဒုစရုက်တဲ့။

**ပါဏာတိပါတ-သူ့အသက်သတ်ခြင်း၊**

**အဒိန္နဒါဏာ-သူတစ်ပါးဥစ္စာခိုးယူခြင်း၊**

**ကာမေသုမိစ္ဆာရာ-သူများသား မယားကို ကျူးလွန်ခြင်း။**

အဲဒီကာယဒုစရိုက် သုံးပါးကို ကျူးလွန်လိုက်တဲ့ သူဟာ မမှန်တာကိုပြုလုပ်လိုက်တာပဲ၊ ဒါမျိုးကိုလည်း အထူးရှောင်ရမယ်။ နောက် သမ္မာအာဇီဝ မှန်သောအသက်မွေးခြင်း၊ ဒါဘာလဲဆိုတော့ မှန်သောအသက်မွေးခြင်းဆိုတာ ကာယဒုစရိုက်သုံးပါး ဝဇီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီးတော့ အသက်မွေးတာပေါ့၊ အဲဒါ သမ္မာအာဇီဝမဂ္ဂင်လို့ခေါ်တယ်၊ မကောင်းတဲ့နည်းသုံးပြီး မိမိခန္ဓာလည်း ရှာမကျွေးဘူး၊ သူတစ်ပါးခန္ဓာလည်းရှာမပေးဘူး၊ အဲဒါ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝမဂ္ဂင်သုံးပါးကို သီလမဂ္ဂင်လို့ခေါ်တယ်။ ဘာမဂ္ဂင်၊ (သီလမဂ္ဂင်ပါဘုရား)။

နောက် သမာဓိမဂ္ဂကို သွားရအောင်၊ သမ္မာဝါယမတဲ့၊ ကောင်းစွာ သို့မဟုတ်၊ မှန်စွာအားထုတ်ခြင်း၊ အဲဒါ ဝီရိယစေသတိက်ကိုရတယ်၊ ဝီရိယစေတသိက်နဲ့ မှန်စွာအားထုတ်တယ်၊ ကောင်းစွာအားထုတ်တယ်ပေါ့ သမ္မာဝါယမပြီးတော့ သမ္မာသတိပေါ့၊ တစ်နည်း ကောင်းသောသတိပေါ့၊ သမ္မာဝါယမ သမ္မာသတိ အဲဒါ သတိစေတသိက်ပဲ၊ သမ္မာသမာဓိတဲ့၊ နောက်ဆုံး။ သမ္မာသမာဓိက မှန်သောတည်ကြည်ခြင်း၊ အဲဒါ သမာဓိဆိုတာ သူပြောတာပဲ၊ ဧကဂ္ဂတာ စေတသိက်ကိုရတယ်၊ မဂ္ဂင်ရှစ်ပါးဆိုတာ အဲဒါပါပဲ ယောဂီတို့၊ ယောဂီများရေ ဒါတွေကို တစ်ခုချင်းလိုက်ပြီး လုပ်ရတယ်မထင်ပါနဲ့၊ မြင်တိုင်း ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေးကြံတိုင်းမှာ ခန္ဓာငါးပါး အနိစ္စလို့ တစ်ချက်သိတာနဲ့ ဒီမဂ္ဂင်ရှစ်ပါးဟာ တစ်ခါ တည်းပါလာတာပါပဲ။

အဲဒီတော့ အဲဒီလေးမျိုးထဲက ယနေ့ယောဂီတို့ကို ဒုက္ခသစ္စာအကြောင်း စပြောမယ်၊ ဘာသစ္စာတဲ့လဲ။

(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာခမ္မစကြာမှာ "ဇာတိပိ ဒုက္ခော" တဲ့၊ဗုဒ္ဓက ပဋိသန္ဓေနေတာ ဆင်းရဲတယ်တဲ့၊ ကဲ ယောဂီတို့၊ ပဋိသန္ဓေနေရ တာကို ယောဂီတို့ ပြန်ပြီးတော့ သိရဲ့လား။

(မသိပါဘူးဘုရား)။

အေး . . . မသိနိုင်ပါဘူးနော်၊ ပဋိသန္ဓေနေပုံလည်းမသိဘူး၊ ဆင်းရဲပုံလည်းမသိဘူး အဲဒါကြောင့် လူ့ဘဝကိုပြန်ပြန် လိုချင်တာ၊ အဲဒီမသိတာဟာ သစ္စာလေးပါးမသိလို့ပေါ့၊ ဒါ့ကြောင့် သစ္စာလေးပါး မသိရင် အကန်းလို့ပြောတာ၊ ဒါဆို အရှင် ဘုရားရယ် ပဋိသန္ဓေနေတာ ဘယ်လောက်များ ဆင်းရဲသလဲ၊ နားထောင်ကြည့်၊ယောဂီတို့ ဒါဉာဏ်နဲ့ဆိုင်တဲ့အလုပ်ပဲ။ ယောဂီတို့ ဦးဇင်းတို့ မိခင်ရဲ့ဝမ်းမှာ ပဋိသန္ဓေ တည်ရင် လူပုံလေးပေါ်လာပြီပဲ ထားပါတော့၊ ဘယ်နေရာမှာလည်ပါသလဲဆိုတော့ အဲဒီမိခင်ရဲ့ သားအိမ်ပေါ်မှာပေါ့၊ အဲဒီ သားအိမ်နေရာမှာ သွားတည်ရတယ်၊ အဲဒီကလေးရဲ့တင်ပါးအောက်က အစာ ဟောင်းအိမ်ကြီးပေါ့၊ မိခင်ရဲ့ ဝမ်းဗိုကကို ကျောပေးထားတယ်။

မိခင်ကျောဘက်ကို သူက လှည့်နေရတယ်၊ ဟို စာပေမှာတော့ပြတယ်၊ အခုလို မိုးရာသီမှာ သစ်ငုတ်တိုပေါ်မှာ မိုးရေတွေ ရွဲစိုပြီး ထိုင်နေတဲ့ မျောက်အိုနဲ့ တူပါသတဲ့၊ မိခင်ဝမ်းမှာ သန္ဓေတည် ရတယ်၊ အဲဒီတော့ ဟိုတစ်လောကဂျာနယ် ထဲမှာပါလာလို့ ထုတ်ထားတယ်၊ တွေ့ရင်တော့ ပြပေးဦးမယ်။ သန္ဓေတည်တဲ့ အခါမှာ အစဆုံးလုံးလုံးလေး၊ နောက်တော့ အဖုလေးငါးခု ထွက်လာတယ်၊ ခေါင်းကတစ်ဖု လက်ကနှစ်ဖက်၊ ခြေနှစ်ဖက်၊ ငါးခုပေါ့၊ ပြီးတော့မှ လက်ပုံစံ ခြေပုံစံလေးတွေ ဖြစ်လာမယ်၊ နောက် ကွေးကွေးလေးဖြစ် လာတယ်ပေါ့၊ တော်တော်လေး တော်တယ်၊ နိုင်ငံခြားက ဆေးပညာကြော်ငြာထဲမှာ အဲဒီတော့ အပေါ်က အစာသစ်အိမ်ကလည်း ခေါင်းပေါ်ဖိထားတယ်။ အောက်ကလည်း အစာဟောင်း အိမ်ကြီးပေါ့၊ မစင်ကျင်ကြီးအိပ်ကြီးပေါ် ဖင်ခုထိုင်ထားရတယ်၊ မိခင်ဝမ်းက တစ်ထွာတစ်မိုက်ပဲရှိတာ၊ မကျဉ်းကြပ်ဘူးလား။

(ကျဉ်းကြပ်ပါတယ်ဘုရား)။

ယောဂီတို့ ဘယ်မှာများ ချမ်းသာလို့လည်း၊ ဆင်းရဲတာမှ ချာချာလည်နေတော့တာပဲ၊ သို့သော် အဝိဇ္ဇာတွေ ထုံသွားတော့ အဲလိုပဋိသန္ဓေနေရတာကို ဆင်းရဲတယ်လို့ မသိဘူး၊ ဒါ့ကြောင့် ဆုတွေ တောင်းလိုက်ကြတာ မသိတော့နော် တစ်ချို့များဆို ယောဂီများရေ သမီးရည်းစား အတွဲတွေဆိုရင်လေ သူတို့တောင်းတဲ့ဆုတွေများ တိရစ္ဆာန်အဖြစ်ကိုတောင် ဆုတောင်းကြတယ်၊ ဆင်ဖြစ်ရင်လည်း တစ်တော ထဲ ကျက်စားရပါလို၏တဲ့ ကြည့်စမ်း၊ ငှက်ဖြစ်ရင်တောင်တစ်ကိုင်းထဲတဲ့၊ ယောဂီတို့ တိရစ္ဆာန်ဖြစ်မှာ ကိုတောင် မကြောက်တော့ဘူး၊ အပါယ်ဘုံကို ရောက်ဖို့တောင် ဆုတောင်းရဲကြတယ်။

တကယ်တော့ ယောဂီများရေ၊ အဲဒီအပါယ်ဘုံကိုထား၊ အခု လူ့ဘုံ ပြောနေတာ ကောင်းတယ်လို့ ယူဆတဲ့ဘုံ၊ အဲဒီလို တစ်ထွာ တစ်မိုက်လောက်ထဲမှာ ဘယ်လောက် ကျဉ်းကျဉ်းကြပ်ကြပ် နေရမလဲဆို တော့ ဆယ်လ၊ ဘယ်လောက်နေရသလဲ ယောဂီတို့။

(ဆယ်လ ပါဘုရား)

မိခင်ရဲ့ မစင်ကျင်ကြီးနံ့တွေ ယောဂီများရေ ဟို အနှစ်သုံးလေးဆယ် မဆေးကြောဘဲထားတဲ့ ဒီဝမ်းဗိုက်ကြီးထဲမှာနေရတာ ဘယ်လောက် နံစော်လိုက်မလဲနော်၊ ဒါပေမဲ့ နေရရှာတယ်၊ ဘယ်လောက် ကျဉ်းကြပ်လိုက်မလဲနော်၊ မလှုပ်မယှက် ကိုယ်ချင်းစာတတ်အောင် ပြောပြတာ။ ယောဂီတို့၊ ဒုက္ခသစ္စာ လေး ပေါ်လွင်အောင် ယောဂီတို့ကို ဦးဇင်းက သုံးပေပတ်လည်လောက် အခန်းလေး ရိုက်ပေးမယ်၊ ယောဂီတို ထိုင်ရင်လည်းထိုင်နေပေါ့၊ ထိုင်လည်း ရရုံပဲ၊ ပြီးတော့အလုံပိတ် စားချိန်တော့ ကြွေးမှာပေါ့၊ ဘယ်မှမသွားရဘူး၊ စိတ်ဆင်းရဲ ရတာနဲ့တင်သေမှာ။ မကျဉ်းကြပ်ဘူးလား ယောဂီတို့။

(ကျဉ်းကြပ်ပါတယ် ဘုရား)

ယောဂီတို့ အဲဒီသုံးပေအခန်းဆိုတာ ကျယ်ပါသေးတယ်၊ မိခင်ဝမ်းက တစ်ထွာ တစ်မိုက်ပဲရှိတယ် မဟုတ်လား။

(ရှိပါတယ် ဘုရား)

အေး အပြင်မှာ သုံးပေခန်းမှာတောင် ဒီလောက်ကျဉ်းကြပ်ရင် တစ်ထွာ တစ်မိုက်လောက်သာ ရှိတဲ့ မိခင်ဝမ်းမှာနေရတာ ဘယ်လောက် ကျဉ်းကြပ်လိုက်မလဲ၊ တွေးကြည့် ပြီးတော့ သခ်န်းစာ ယူပေတော့၊ ဒုက္ခသစ္စာကို မြင်အောင်ကြည့်ကြပေတော့၊ ဘုရားက ဓမ္မစကြာမှာ၊ အဲဒီလို သိစေချင်တာ။

ဇာတိပိ ဒုက္ခာ ဆိုတာ ယောဂီတို့ မြိတ်မြို့က ဓမ္မစကြာအသင်းတွေတော့ ပေါပါတယ်၊ ရွတ်သာ ရွတ်ကြတယ်၊ ဒီလို အဓိပ္ပါယ် သိပ်မသိကြပါဘူး၊ တကယ်တော့ ဓမ္မစကြာရွတ်ရင်လေ မြန်မာပြန် သို့မဟုတ် အနက်ပါ ရွတ်ရင်လေ ပိုကောင်းတယ်၊ အဲဒါ သစ္စာလေးပါး တစ်ခါတည်း ပြီးသွားနိုင်တယ်။ တစ်ခါ အဲဒီလောက် ကျဉ်းကြပ်တဲ့အထဲမှာ မိခင်က သန္ဓေသားကို မထိန်းတတ်ရင် မိခင်က အင်မတန်အေးတဲ့ ရေခဲတွေ ဘာတွေသောက်ချလိုက်ရင် အို. . . . အထဲက သန္ဓေသားလေးမှာ လောကန္တရိတ်ငရဲ ကျသလိုပဲ၊ အအေးဒါဏ်ကိုခံစားကြလိုက်ရတာ၊ တစ်ခါမိခင်က အင်မတန်ပူတဲ့ ရေနွေးတွေဘာတွေ သောက်ချလိုက်ရင် ယောဂီ များရေ ငရဲမီးနဲ့ ပက်သလိုပဲပူလိုက်တာ၊ အထဲသန္ဓေသားက မိခင်ကို ပြန်ပြောပြနိုင်ရဲ့လား။

(မပြောပြနိုင်ပါဘူးဘုရား)။

ယောဂီများရေ၊ လုပ်သမျှ ခံရတာ၊ တစ်ခါ မိခင်က အကုန်းအကွမှာ အသတိမထားရင် ဥပမာ တစ်ခုဆိုကြအပါစို့၊ ယောဂီတို့ မိခင်က အရာဝတ္ထုကို ခါးကိုင်းပြီယူလိုက်နမယ်ဆိုရင် အဲဒီကလေး လှန်ချိုးသလိုပါပဲတဲ့၊ အထဲမှာနာကျင်မှုကို ခံသားရတာ။ ဒ့ါအပြင် ယောဂီတို့ အခုခေတ်မှာ သန္ဓေသားအပေါ် မေတ္တာ ဂရုဏာတွေလည်း နည်းလာကြပါပြီ၊ တစ် လောကဆို ဦးဇင်းကြားလိုက်တယ်၊ အဲဒီ ရန်ကုန် သင်္ချိုင်းကျွန်းနားမှာ ကလေးလေး မွေးပြီးတော့ မိခင်ကရက်စက်လိုက်တာလေ၊ ရေတွင်းပျက်ထဲ ပစ်ချလိုက်သတဲ့၊ ယောကျ်ားလေးတဲ့၊ ကလေးကို မွေးပြီးတော့ မကျွေးဘူးဆိုပြီးတော့ ရေတွင်းပျက်ထဲ ပစ်ချလိုက်တာ၊ ရေတွင်းပျက်ထဲက ကလေးငိုသံ ကြားတယ်ကြားတယ်ဆိုပြီး သွားကြည့်တော့ ကလေး လေး တစ်ယောက် ဘယ်အချိန်ကတည်း ကပစ်ချထားတယ် မသိဘူး၊ ကလေးက မသေသေးဘူး၊ အောက်မှာ ရေတွေဘာတွေတော့ မရှိဘူးပေ့ါ၊ ဘယ်လို ပစ်ချထားတယ် မသိဘူး။ အမှန်တော့ ယောဂီတို့ သေသေဆိုပြီးတော့ ပစ်ချတာနေမှာပေ့ါ၊ ဟိုက တမ်းမသေဘူးပေ့ါ၊ အဲဒါ အပေါ်ကို တင်တော့ ကလေးက အတွင်းကျေ ကျေပြီးတော့ သေတာပါပဲ၊ ကြည့်စမ်း၊ ယောဂီတို့ သေးသေးလေး၊ ဘာမှ လုပ်လို့ မရဘူး၊ လုပ်သမျှ ခံရတယ်။

ဥပမာ ပေးရရင်တော့ သေသောက်ကျူးတွေလက်ထဲ ရောက်နေတဲ့ ဆိတ်သူငယ်လေးလိုပါပဲ၊ မွေးကင်းစ ဆိတ်ငယ်ကလေးတစ်ကောင် အရက်သမားတွေက အရက်နဲ့မြည်းမလို့၊ အသားမရှိတဲ့အတွက် ဆိတ်ငယ်လေး ဆွဲလာတယ်၊ ဆိတ်ငယ်က သေးသေးလေး၊ အရက်သမားက ငါးယောက်၊ ဆိတ်ငယ်က လေးဟာ အရက်သမားတွေရဲ့ လက်ထဲက လွတ်အောင် ရုန်းဖို့ လွယ်ပ့ါမလား။

(မလွယ်ပါဘူး ဘုရား)။

ထိုနည်းအတူပဲ၊ မိခင်ဝမ်းမှာ သန္ဓေတည်ပြီဆိုရင် အခုခေတ်က ယောဂီတို့ မိခင်တွေ သန္ဓေမယူ ကြတော့ဘူး၊ ဆေးတွေစားပြီး ကိုယ်ဝန်ကို ဖျက်ချပစ်တာ၊ အဲဒီတော့ မိခင်ဝမ်းထဲမှာတင် ကျေပျက်ပြီး တော့ သေသွားကြရတဲ့ ကလေးတွေလည်း အများကြီးပဲ၊ ဒ့ါကြောင့် ယောဂီတို့ရေ ပဋိသန္ဓေများတော့ ထပ်ပြီးမနေချင်ကြနဲ့။ ဆင်းရဲတွေက အများကြီးပဲ၊ ချမ်းသာဆိုရင် တစ်ကွက်မှ မရှိဘူး၊ ဒါကြောင့် မြတ်စွာ ဘုရားက ဓမ္မစကြာမှာ ဟောပြီးပြီလေ၊ ဇာတိပိ ဒုက္ခာ- ဘာတဲ့တုန်း ပရိသတ်။

(ဇာတိပိ ဒုက္ခာပါဘုရား)။

အေး . . . . ပဋိသန္ဓေနေရတာ ဆင်းရဲလား၊ ချမ်းသာလား။

(ဆင်းရဲပါဘုရား)။

မြတ်စွာဘုရားက အဲဒါကို သိစေချင်တာ၊ နောက်ပဋိသန္ဓေနေတော့လည်း ဆင်းရဲမှာပဲ၊ နောက် မွေးတော့လည်း ဆင်းရဲတာပဲ၊ မြတ်စွာဘုရားက ဥပမာပေးတယ်၊ အင်မတန်ကြီးတဲ့ ဆင်ကြီးတစ်ကောင် ကို ကျဉ်းကြပ်တဲ့အပေါက်ထဲက ဆွဲထုတ်ကြ။ ယောဂီတို့ ဆင်ကြီးက အပေါက်ကကျဉ်းတော့ သံဆူးတွေ၊ သံကောက်တွေနဲ့ပေါ့၊ တစ်ခါတည်း အတင်းဆွဲထုတ် တော့ အပြင်တော့ ရောက်ပါရဲ့၊ ဆင်ကြီးရဲ့ အရေပြားတွေ အသားတွေ စုတ်ပြတ်ပြီးတော့ သွေးချင်းချင်း နီရှာတယ်၊ ဒါက ဘုရားပေးတဲ့ ဥပမာ အတိုင်းပဲ၊ ဦးဇင်းတို့ ယောဂီတို့လည်း မိခင်ရဲ့ အင်မတန်ကျဉ်းကြပ်တဲ့ ယောနိပေါက်က ဆင်းဆင်းရဲရဲ ထွက်လာရတာ အင်မတန်ဆင်းရဲပါတယ်၊ ဒါကြောင့် ကလေးတစ်ယောက် မိခင်ဝမ်းက ကျွတ်ပြီဆိုရင် ယောဂီတို့ ဖြေစမ်း၊ ငိုသလား၊ ရယ်သလား၊ (ငိုပါတယ်ဘုရား)။

ရှင်းနေတာပဲ၊ ငိုတယ်ဆိုမှတော့ ဆင်းရဲလို့ပေါ့၊ ကြည့်စမ်း ယောဂီတို့၊ ဒါတွေကို သိရဲ့လား၊ မသိဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ဒါတွေမသိရင် အန္ဓပုထုဇဉ်တဲ့၊ ဘာပုထုဇဉ်လဲ၊ (အန္ဓပုထုဇဉ်ပါဘုရား)။

အဲဒီတော့ မသိတော့ လူ့ဘဝဆုတောင်း, နတ်ဘဝဆုတောင်းနဲ့ပေါ့၊ အခုတော့ အရင်ထက်စာရင် အများကြီး သိသွားပြီ၊ ဩော် လူ့ဘဝလည်း ဆင်းရဲဒုက္ခကြီးပါလား၊ ကဲ . . . မေးပြီးပါပြီဗျာ၊ အရှင်ဘုရား ချမ်းသာသလား၊ မချမ်းသာပါဘူး။ ဇာတိပြီးတော့ ဇရာ အိုခြင်း မလာဘူးလား၊ ဇရာပိ ဒုက္ခာ အိုခြင်းဆင်း ရဲ၊ ဘာဆင်းရဲလဲ၊

(အိုခြင်းဆင်းရဲ ပါဘုရား)။

နေ့တိုင်း အိုနေတာလား၊ ပျိုနေတာလား၊ (အိုနေတာပါဘုရား)၊ အိုနေတယ်၊ ယောဂီတို့က ထင်မယ်ပေါ့နော်၊ ဩော် အသက်ခုနစ်ဆယ်ကျော်ရှိမှ ခါးတွေကိုင်း၊ နားတွေထိုင်းမှ မျက်စိတွေ မှိုင်းမှ ပါးရေနားရေတွေတွန့်မှ အိုတာ မဟုတ်ဘူး ယောဂီတို့၊ စက္ကန့်နှင့်အမျှ အိုနေပါတယ်၊ ဝမ်းက ကျွတ်ပြီးက တည်းကိုက အိုတော့တာပါပဲ၊ အဲဒါကြောင့် ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ အိုရတာဟာ ဆင်းရဲပါ၊ ဒုက္ခသစ္စာပဲ။ ဘုရားက နောက်တစ်ခါ အိုပြီးတော့ အိုတဲ့ လမ်းဆုံးက ဘာလဲ၊ နာခြင်း၊ အိုပြီးတော့ ဘာလာလဲ၊

(နာခြင်းလာ ပါတယ်ဘုရား)။

ဒါကြောင့် "ဗျာဓိပိ ဒုက္ခာ" ဆက်ဟောပြန်တယ်၊ နာရတာလည်း ဆင်းရဲပဲ၊ မဆင်းရဲဘူးလား ယောဂီတို့။ (ဆင်းရဲပါတယ်ဘုရား)။

ဆင်းရဲတယ် ယောဂီတို့၊ အိုရတဲ့ ဆင်းရဲ နာရတဲ့ ဆင်းရဲတွေကို နောက်နေ့ညကျရင် ဆက်ပြီး တော့ အကျယ် နာရဦးမယ်၊ သာဓကလေးတွေ ထုတ်ပြီးတော့ ယောဂီတို့ ဒီမှာ သစ္စာလေးပါး၊ အဲဒီလို အကျယ်ဟောထားတယ်၊ များသောအားဖြင့် ဒုက္ခက သိရမယ့်တရား၊ သမုဒယသစ္စာက ပယ်ရမယ့်တရား၊ မဂ္ဂသစ္စာက ပွားရမယ့် တရား၊ နိရောဓသစ္စာက ဆိုက်ရောက်ရမယ့်တရား၊ အဲလောက်ပဲ ပြောတယ်၊ ဘာမှ မသိဘူး၊ အခုလို အကျယ်ချဲ့မှ သိတာ၊ မနက်ဖြန် ဒုက္ခသစ္စာဆက်ပြီး အကျယ်ချဲ့မယ်၊ ယနေ့တော့ နာရီစေ့ပြီ၊ ဒါကြောင့် ယောဂီတို့သည် ဘာကုသိုလ်ပဲ ပြုပြု အဲဒီ အိုနာသေ ဒုက္ခကင်းရာနိဗ္ဗာန်ကို ဆုတောင်းပြီးတော့ ကုသိုလ်ပြုတတ်တဲ့ ပုဂ္ဂိုလ်တွေ မုချမသွေ ဖြစ်ကြပါ စေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု။

**မေတ္တာရှင် (ရွှေပြည်သာ)**